AMATA

HOLDING
PUBLIC CO., LTD.

# ပဥ္စမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပရန် သတ်မှတ်ရက်ပြောင်းလဲခြင်းအား ကြိုတင်အသိပေးကြေညာခြင်း

နေ့စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်

Amata Holding Public Co., Ltd. ၏ ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် တွင်ကျင်းပခဲ့သော ဒါရိုက်တာ အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များအား လိုက်နာလျက် Online အသုံးပြု၍ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက် နေ့တွင် တင်ပြခဲ့ပါသည်။

သို့ရာတွင် ကုမ္ပဏီအနေဖြင့် ၂၁-၇-၂၀၂၃ အား အစည်းအဝေးပြုလုပ်မည့်ရက် သတ်မှတ် ထား သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၂၆-၇-၂၀၂၃ သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပါသဖြင့် ပဥ္စမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပရန် သတ်မှတ်ရက်ပြောင်းလဲခြင်းအား ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ အစည်းအဝေး တက်ရောက်ခွင့်ရှိသူများမှာမူ ပြောင်းလဲမှုမရှိပဲ ၂၂-၀၅-၂၀၂၃ တွင် ကြေငြာထားသည့်အတိုင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဦးဝင်းအောင်

ဥက္ကဋ္ဌ

# ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် ကြိုတင်အသိပေးကြေညာခြင်း

နေ့စွဲ။ ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက်

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၃ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များအား လိုက်နာလျက် Online အသုံးပြု၍ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို တက်ရောက်ခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့် နေ့ (Record Date) မှာ ၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်နေ့ ဖြစ်ပြီး နှစ်ပတ်လည် အထွေအထွေ အစည်းအဝေး တက်ရောက်ခွင့်ရရှိရန် အစုရှယ်ယာ နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Day To Trade) မှာ ၂၀၂၃ ခုနှစ်၊ မေလ (၂၆) ရက်နေ့ ဖြစ်ပါသည်။

“Record Date” ၏ အဓိပ္ပာယ်အား ပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/notice/notice/27062016_01/ တွင် ဖတ်ရှုနိုင်ပါသည်။

အစုရှယ်ယာရှင်များအားလုံးသို့ အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးအစီအစဉ်များနှင့် နှစ်ပတ်လည်အစီအရင်ခံစာတို့ကို အချိန်မီ ပေးပို့ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးဝင်းအောင်
ဥက္ကဋ္ဌ